# စစ်ကောင်စီ၏လေကြောင်းအသုံးပြုတိုက်ခိုက်မှုများ လေ့လာမှုအစီရင်ခံစာ [၂]

## သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄) လတာကာလအတွင်း စစ်ကောင်စီကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများ၊ အသက်သေဆုံးရခြင်း၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုများနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် လွတ်လပ်သောသတင်းမီဒီယာများမှ သတင်းအချက်အလက်များအပေါ် အခြေခံ၍ လေ့လာတင်ပြထားခြင်းဖြစ်ပြီး သတင်းမီဒီယာ စုစုပေါင်း (၄၃) ခု နှင့် တော်လှန်ရေးအဖွဲ့အစည်းများ၏ လူမှုကွန်ယက်စာမျက်နှာ (၁၃၀၀) ကျော်ထံမှ ကောက်ယူထားခြင်းဖြစ်ပါသည်။

အစီရင်ခံစာတွင် ဖော်ပြထားသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ တရက်အတွင်း နေရာတခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်လျှင် ဖြစ်စဉ် ၁ ခုဖြစ်ပြီး၊ တရက်အတွင်း နေရာ ၂ ခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်လျှင် ဖြစ်စဉ် ၂ ခုအဖြစ် သတ်မှတ်ထားသည်။ လေကြောင်းတိုက်ခိုက်မှု အကြိမ်အရေအတွက်ကို ကောက်ယူသည့်နည်းနာမှာ တော်လှန်ရေးအဖွဲ့အစည်းများ၏ သတင်းထုတ်ပြန်ချက်များနှင့် သတင်းမီဒီယာဖော်ပြချက်များတွင် ဖြစ်စဉ်တခုအတွက် လေကြောင်းတိုက်မှု အကြိမ်အရေအတွက်ကို ဖော်ပြထားခြင်းမရှိပါက လေကြောင်း အသုံးပြုမှုအရေအတွက် ၁ ကြိမ်ဟု ကောက်ယူထားပါသည်။

## နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နွေဦးတော်လှန်ရေးကာလစတင်သည့်အချိန်မှစ၍ စစ်အုပ်စုသည် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များ အခြေစိုက်သည့် တပ်စခန်းများ၊ အရပ်သားများ စုဝေးသည့် အခမ်းအနားများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအဆောက်အဦးများနှင့် ယာယီစစ်ရှောင်စခန်းများကိုပါ လေကြောင်းပစ်မှတ်များအဖြစ် တိုက်ခိုက်လျက်ရှိသည်။



လေ့လာတွေ့ရှိချက်များအရ စစ်အုပ်စုသည် (၁) လေကြောင်းစစ်ဆင်ရေးပြုလုပ်ခြင်း၊ (၂) မြေပြင်ထိုးစစ်ဆင်ရာတွင် လေကြောင်းဖြင့် ကူညီပစ်ခတ်ပေးခြင်း၊ (၃) ၎င်းတို့၏ စစ်စခန်းများ ထိုးစစ်ဆင်ခံရချိန်၊ စစ်ကြောင်းများတိုက်ခိုက်ခံရချိန်တွင် ကူညီပစ်ခတ်ပေးခြင်း၊ (၄) ကင်းထောက်ခြင်း (၅) တပ်သားဖြည့်တင်းခြင်း/ တပ်များပြောင်းရွှေ့နေရာချခြင်းနှင့် (၆) စစ်ရေးအရင်းအမြစ်ရိက္ခာများပို့ဆောင်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် အခြားလေ့ကျင့်ရေးလေယာဉ်များကို သုံးစွဲလျက်ရှိသည်။

# ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သား ပစ်မှတ်များ

၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ ရက်ပေါင်း (၁၂၃)ရက်အတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်



**စုစုပေါင်း**
**၂၇၂ ကြိမ်**

၂၀၂၃ ခုနှစ် ဒုတိယ ၄ လတာအတွင်း လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ပျမ်းမျှအားဖြင့် ၁ ရက်လျှင်



**အနည်းဆုံး**
**၂ ကြိမ်**

၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ ရက်ပေါင်း ၁၂၃ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၁၀၄ ရက် ရှိသည့်အတွက် နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြုခဲ့သည်ကို တွေ့ရသည်။ ၎င်း ၄ လအတွင်း စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း (၂၇၂) ကြိမ် ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် တရက်လျှင် လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် ၂ ကြိမ် ရှိခဲ့သည်။

**MAY**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

**JUNE**

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

**JULY**


| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | | | | | |

**AUGUST**

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |


၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ရက်စွဲပြ ပြက္ခဒိန်

လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအဖြစ် ကရင်နီဒေသတွင် ၇၁ ကြိမ်၊ စစ်ကိုင်းဒေသတွင် ၆၉ ကြိမ်၊ ချင်းဒေသတွင် ၂၉ ကြိမ်၊ ကရင်ဒေသတွင် ၂၃ ကြိမ်နှင့် ကချင်ဒေသတွင် ၂၂ ကြိမ် အသီးသီးရှိခဲ့သည်။ ဒုတိယအများဆုံးဒေသများအဖြစ် ရှမ်း (တောင်) ဒေသတွင် ၁၄ ကြိမ်၊ ရှမ်း (မြောက်) ဒေသတွင် ၁၂ ကြိမ်၊ ပဲခူးဒေသတွင် ၁၁ ကြိမ်၊ မကွေးဒေသတွင် ၁၀ ကြိမ်နှင့် မွန်ဒေသတွင် ၆ ကြိမ် ရှိခဲ့သည်။ ထို့အပြင် တနင်္သာရီတွင် ၂ ကြိမ်၊ မန္တလေးတွင် ၂ ကြိမ်နှင့် နေပြည်တော်တွင် ၁ ကြိမ်စီ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု (၇၂) ဦး၊ ဒဏ်ရာရရှိသူ (၁၆၃) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေးအဆောက်အအုံ (၃၃) ခု၊ စာသင်ကျောင်း (၁၇) ကျောင်း နှင့် ဆေးရုံဆေးခန်း (၄) ခု တို့ ထိခိုက်ပျက်စီးခဲ့ပါသည်။




| | ကချင် | ကရင် | ကရင်နီ | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | နေပြည်တော် | မကွေး | မန္တလေး | မွန် | ရှမ်း/တောင် | ရှမ်း/မြောက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် | ၂၂ | ၂၃ | ၇၁ | ၂၉ | ၆၉ | ၂ | ၁၁ | ၁ | ၁၀ | ၂ | ၆ | ၁၄ | ၁၂ |
| အကြိမ်ရေ | ၃၇ | ၆၈ | ၁၄၄ | ၅၆ | ၉၆ | ၂ | ၅၂ | ၁ | ၂၆ | ၃ | ၆ | ၅၀ | ၁၅ |


၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အကြိမ်အရေအတွက်




၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ ပျက်စီးမှုအရေအတွက်

# ၂၀၂၃ ခုနှစ်၊ မေလမှ ဩဂုတ်လအထိ (၄)လတာကာလ အတွင်း စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ သည့် အရေအတွက်

၁ ၅၁




| စဉ် | မြို့နယ် | အကြိမ်ရေ | မြို့နယ် | သေဆုံးမှု |
|---|---|---|---|---|
| ၁ | ဒီမောဆို | ၅၁ | ပုလဲ | ၁၄ |
| ၂ | မယ်စဲ့ | ၄၉ | ဖယ်ခုံ | ၈ |
| ၃ | ဖယ်ခုံ | ၄၉ | ကျောက်ကြီး | ၇ |
| ၄ | သံတောင်ကြီး | ၄၀ | ဒီမောဆို | ၇ |
| ၅ | ဟားခါး | ၂၈ | မင်းကင်း | ၇ |

## ၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃ ခုနှစ် ကာလများအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြု တိုက်ခိုက်မှုကို နှိုင်းယှဉ်လေ့လာခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအထိ ရက်ပေါင်း ၉၄၂ ရက်အတွင်း စစ်ကောင်စီမှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သော ရက်ပေါင်း ၄၆၂ ရက်ရှိခဲ့ပြီး လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၉၀၂ ကြိမ် ကျူးလွန်ခဲ့ပါသည်။ စစ်ကောင်စီ၏ လေကြောင်းစစ်ဆင်ရေးများကြောင့် အရပ်သားသေဆုံးမှု စုစုပေါင်း ၆၈၇ ဦးနှင့် ဒဏ်ရာရရှိသူ ၄၅၈ ဦး ရှိကြောင်းတွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းစစ်ဆင်ရေးလှုပ်ရှားမှုကို နှိုင်းယှဉ်လေ့လာကြည့်ပါက လေကြောင်းအသုံးပြုတိုက်ခိုက်မှုနှုန်းမှာ တနှစ်ထက် တနှစ် ပိုမိုမြင့်တက်လာသည်နှင့်အမျှ အရပ်သားများ သေဆုံးဒဏ်ရာရမှုနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အရေအတွက်မှာလည်း သိသိသာသာ တိုးမြင့်လျက်ရှိသည်ကို တွေ့ရပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ အထိ ရက်ပေါင်း (၉၄၂)ရက် အတွင်း
လေကြောင်းတိုက်ခိုက်ခဲ့သည့်ရက်




**စုစုပေါင်း**
**၄၆၂ ရက်**


၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ အထိ
လေကြောင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်



**စုစုပေါင်း**
**၉၀၂ ကြိမ်**





၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် အကြိမ်ရေကို ၄လစီ နှိုင်းယှဉ်ပြပုံ




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဩဂုတ်လအတွင်း
စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့်အရပ်သားအရေအတွက်




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဩဂုတ်လအတွင်း
စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရခဲ့ရသည့် အရပ်သားအရေအတွက်




၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၃ ဩဂုတ်လအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့်
ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ ပျက်စီးမှုအရေအတွက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ရက်ပေါင်း ၃၃၄ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၅၈ ရက် ရှိခဲ့ပါသည်။ နွေဦးတော်လှန်ရေးစတင်သည့်ကာလမှ စတင်၍ ၂၀၂၁ ခုနှစ် အတွင်း စစ်ကောင်စီသည် လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၈၅ ကြိမ် ကျူးလွန်ခဲ့ပြီး ၄ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ၁ ကြိမ်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု (၆၃) ဦး၊ ဒဏ်ရာရရှိသူ (၄၂) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေး အဆောက်အအုံ (၈) ခု၊ စာသင်ကျောင်း (၇) ကျောင်းနှင့် ဆေးရုံဆေးခန်း (၄) ခု ထိခိုက်ပျက်စီးခဲ့ပါသည်။




၂၀၂၁ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်

၂၀၂၂ ခုနှစ် တနှစ်တာကာလအတွင်း ရက်ပေါင်း ၃၆၅ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၂၀၅ ရက် ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် စစ်ကောင်စီသည် လေကြောင်းအသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း (၃၃၉) ကြိမ် ကျူးလွန်ခဲ့ပြီး ၁ ရက်လျှင် လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ၁ ကြိမ် နီးပါး ရှိခဲ့သည်ကို တွေ့နိုင်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု ( ၂၆၀) ဦး၊ ဒဏ်ရာရရှိသူ (၈၅) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေး အဆောက်အအုံ (၂၀) ခု၊ စာသင်ကျောင်း (၁၄) ကျောင်းနှင့် ဆေးရုံဆေးခန်း (၇) ခုတို့ ထိခိုက်ပျက်စီးခဲ့ပါသည်။




၂၀၂၂ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ရက်ပေါင်း ၂၄၃ ရက်တွင် စစ်ကောင်စီမှ လေကြောင်းအသုံးပြု တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၁၉၉ ရက် ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ၈ လ အတွင်း နေ့စဉ်ရက်ဆက်နီးပါး လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ၂၀၂၃ ခုနှစ် ၈ လတာအတွင်း စစ်ကောင်စီသည် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း ၄၇၈ ကြိမ် ကျူးလွန်ခဲ့ပြီး ပျမ်းမျှအားဖြင့် ၁ ရက်လျှင် လေကြောင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ၂ ကြိမ် နီးပါး ရှိနေပြီ ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုကြောင့် အရပ်သား သေဆုံးမှု (၃၆၄) ဦး၊ ဒဏ်ရာရရှိသူ (၃၃၁) ဦး ရှိခဲ့သည့်အပြင် အနည်းဆုံး ဘာသာရေး အဆောက်အအုံ (၅၈) ခု၊ စာသင်ကျောင်း (၃၃) ကျောင်းနှင့် ဆေးရုံဆေးခန်း (၁၅) ခု ထိခိုက်ပျက်စီးခဲ့ပါသည်။




၂၀၂၃ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း
စစ်ကောင်စီမှပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်၊ သေဆုံးဒဏ်ရာရသည့် အရပ်သားအရေအတွက်နှင့်
ပျက်စီးခဲ့ရသည့် ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံ/ဆေးခန်း အရေအတွက်